# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 9 , 2025 Volume 86 , Number 6


| ၉ . ၁. ၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၄.၁၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၄၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၀.၅၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၀.၄၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## နှမ်းဈေးများ ပြန်လည်မြင့်တက်လာ




၂၀၂၅ ခုနှစ်ဆန်းပိုင်း နှမ်းဈေးများပြန်လည်မြင့်တက်လာကြောင်း ကုန်စည်ဒိုင်များထံက သိရသည်။

တရုတ်နှစ်သစ်ကူးမတိုင်မီ နှမ်းဝယ်လိုအားကောင်းနေသည့်အတွက် ဈေးကောင်းရနေကြောင်းလည်း ကုန်သည်အချို့က သုံးသပ်ထားသည်။

လက်ရှိ နှစ်စပိုင်းနှမ်းဈေးမှာ အတက်ဈေးဖြင့်ငြိမ်နေပြီး ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်ဖြင့် ယှဉ်ပါက ဈေးတက်လာရကြောင်း သိရသည်။

"တရုတ်အဝယ်လိုက်လာလို့ ဈေးတက်တယ်ပြောရမယ်။ Export ဈေးကို ပြည်တွင်းလည်းတက်တယ်။ အဓိကနှမ်းနက်ဈေးပိုတက်တယ်။ တရုတ်နှစ်သစ်ကူးနီးရင် နှမ်းဈေးတက်လေ့ရှိတယ်။ အခုနှစ်စမှာ နှမ်းဈေးကပြန်တက်လာတယ်"ဟုအောင်လံမြို့မှနှမ်းကုန်သည်တစ်ဦးကပြောသည်။

မန္တလေးကုန်စည်ဒိုင်တွင်နှမ်းနက် AV မလွတ်၄၅ပိသာဝင်တစ်အိတ်လျှင် ၆၅၀,၀၀၀ ကျပ် မှ ၆၄၀,၀၀၀ ကျပ် ၊AV 1 ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၆၈၀,၀၀၀ ကျပ်မှ ၆၈၅,၀၀၀ ကျပ်၊ Av 2 ၄၅ ပိဿာဝင်တစ်အိတ်လျှင် ၆၇၀,၀၀၀ ကျပ်မှ ၆၇၅,၀၀၀ ကျပ်အထိပေါက်ဈေးရှိပြီး နှမ်းဖြူ ရိုးရိုး ၄၅ ပိဿာလျှင်၃၃၀,၀၀၀ မှ၃၄၀,၀၀၀ကျပ်ဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အောက်တိုဘာလဖြင့် ယှဉ်ပါက ၄၅ ပိဿာလျှင် ၂၅,၀၀၀ မှ ၄၀,၀၀၀ ကျပ်အထိ မြင့်တက်လာပြီး ဒီဇင်ဘာလဖြင့်ယှဉ်ပါက တစ်အိတ်လျှင် ၁၅,၀၀၀ မှ ၂၀,၀၀၀ ကျပ်ခန့်ထိ မြင့်တက်လာကြောင်း ဈေးကွက်ကသိရသည်။

ထို့ပြင် အောင်လံကုန်စည်ဒိုင်တွင် နှမ်းနက် A1 A2 ၄၅ ပိဿာဝင်တစ်အိတ်လျှင် ၆၆၀,၀၀၀ ကျပ် ၊ A3 ၆၄၀,၀၀၀ ကျပ်၊ အက်ဆစ်မလွတ် ၄၅ ပိဿာဝင်တစ်အိတ်လျှင် ၆၂၅,၀၀၀ မှ ၆၃၅,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပြီး နှမ်းဖြူဈေးနှုန်းမှာ ၃၄၀,၀၀၀ မှ

၃၅၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လက်ရှိဈေးကွက်တွင် ပြည်ပတင်ပို့ရန်အရည်အသွေးမီသည့်နှမ်းများ အရောင်းအဝယ်ဖြစ်နေပြီး အရည်အသွေးမမီသည့်နှမ်းများဈေးမရကြောင်း သိရသည်။

နောက်ပိုင်းတွင်လည်း တရုတ်ကလိုအပ်ချက်များနေပြီး တခြားနိုင်ငံများတွင်လည်းနှမ်းအဝင်နည်းသောကြောင့် နှမ်းဈေးကွက်မအေးနိုင်ကြောင်း Exporters များက သုံးသပ်ကြသည်။

"ဘုရင့်နောင်ကုန်စည်ဒိုင် FOB ဈေးနှုန်းကတော့ နှမ်းနက်ကို ၂၃၃၀ ကနေ ၂၃၄၀ ဒေါ်လာ၊နှမ်းဖြူက ၁၃၈၀ ကနေ ၁၃၉၀ ဒေါ်လာရှိတယ်။ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင်FOBဈေးလည်းတက်လာတယ်"ဟုဘုရင့်နောင်ကုန်စည်ဒိုင်မှနှမ်းကုန်သည်တစ်ဦးကပြောသည်။

ပြည်တွင်းပုံမှန် နှမ်းထွက်ရှိမှုနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၆ သိန်းမှ ၈ သိန်းထိထွက်လေ့ရှိကြောင်း သိရသည်။

မြန်မာ့နှမ်းကို တရုတ်၊ ကိုရီးယား ၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်းတင်ပို့လေ့ရှိပြီး တရုတ်နိုင်ငံတစ်ခုတည်းကိုသာအားထားတင်ပို့နေရကြောင်း သိရသည်။

ပြည်တွင်းနှမ်းအား ဖေဖော်ဝါရီနှင့်မတ်လအတွင်းစိုက်ပျိုးရသည့် မိုးကြိုစိုက်နှမ်း၊ မေလနှင့်ဇွန်လအတွင်း စိုက်ပျိုးရသည့်မိုးနှမ်းနှင့်စက်တင်ဘာလဆန်းပိုင်းတွင် စိုက်ပျိုးရသည့် မိုးနှောင်းနှမ်းဟူ၍ စိုက်ပျိုးကြကြောင်း သိရသည်။

**Source : https://htwettoe.com/**

## ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၄၂,၄၇၇ ဧက စိုက်ပျိုးပြီးစီး သီးနှံအထွက်တိုးတက်ရေး တောင်သူများကြိုးပမ်းဆောင်ရွက်လျက်ရှိ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ကုလားပဲ ၄၂,၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သီးနှံအထွက်နှုန်းတိုးတက်စေရန် လိုအပ်သောစိုက်ပျိုးရေသွင်းအားစုများ ထည့်သွင်းခြင်းနှင့်ပိုးမွှားရောဂါမကျရောက်စေရေး ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကိုဒေသခံတောင်သူများကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ကုလားပဲ ၂၁,၈၄၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ၄၂,၄၇၇ ဧကစိုက်ပျိုးပြီးစီးပြီးဖြစ်သည်။


"အခု ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေသီးနှံတိုးပွားစေဖို့ရည်ရွယ်ပြီး ကုလားပဲ ၂၁,၈၄၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၄၂,၄၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့လျာထားဧကထက်ကျော်လွန်အောင်စိုက်ပျိုးပြီးစီးပြီးဖြစ်ပါတယ် လက်ရှိစိုက်ပျိုးပြီးစီးတဲ့ ကုလားပဲစိုက်ခင်းတွေကို သီးနှံအထွက်နှုန်းကောင်းမွန်အောင် တောင်သူတွေကကြိုးပမ်းလုပ်ကိုင်နေကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကဝန်ထမ်းတွေကလည်း ကုလားပဲစိုက်တောင်သူတွေကို တောင်သူအသိပညာပေးလုပ်ငန်းတွေကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံများလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှဒေသနှင့်ကိုက်ညီသောမျိုးသန့်မျိုးစေ့များရွေးချယ်မှုမှန်ကန်စေရေး၊မြေဆီလွှာကောင်းမွန်အောင်ပြုပြင်ရေး၊စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များမှန်ကန်စေရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**Source : မြဝတီသတင်းစာ**

## ပင်းတယ၌ အစေ့ထုတ်ပြောင်းစိုက်တောင်သူများ ဈေးကောင်းရရှိရန်မျှော်လင့်



ရှမ်းပြည်နယ်တောင်ပိုင်းဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၈၈၀တွင် တည်ရှိပြီး မြို့နယ်အတွင်းနေကြသည့် ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကိုအဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်ကြရာ အစေ့ထုတ်ပြောင်းစိုက်ပျိုးထားသည့်တောင်သူများ ပြောင်းဈေးကောင်းရရှိရန် မျှော်လင့်နေကြသည်။

ပင်းတယမြို့နယ်အနီး၌ ကျေးရွာများဖြစ်သည့် ရေဖြူ၊ ကျောက်တော၊ ရွှေပုထိုး၊လယ်ပြင်၊မိုင်းအင် အစရှိသည့်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးလျက်ရှိရာ အစေ့ထုတ်ပြောင်းများကို မိုးဦးကာလဖြစ်သည့် မေလတတိယအပတ်တွင်စတင်စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပြောင်းမျိုးစေ့တစ်ထုပ်နှုန်းစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးငါးလမှ ခြောက်လအကြာတွင်စတင်ချိုးဆွတ်ရောင်းချနိုင်ကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၉၀၀ မှ ၁၀၀၀ ကျော်အထိ ထွက်ရှိကြောင်းပြောင်းစတင်စိုက်ပျိုးသည့်ချိန်တွင် ကုန်ကျစရိတ်မြင့်မားခဲ့ခြင်းကြောင့် အစေ့ထုတ်ပြောင်းရောင်းချချိန် ပြောင်းဈေးနှုန်းကောင်းပြီး အကျိုးအမြတ်ရရှိရန်မျှော်လင့်နေကြကြောင်း ပြောင်းစိုက်ပျိုးထားသည့်တောင်သူများထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မအူပင်ခရိုင်အတွင်းရှိ ရေချိုငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ




ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်သည်စပါးကို အဓိကစိုက်ပျိုးပြီး ရေထွက်ကုန်၊ လယ်ယာထွက်ကုန်များ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မြေခံ ၊ရေခံကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ် ၄ မြို့နယ်သာရှိပြီး ငါး၊ပုစွန်ကန်များဖြင့်ငါးပုစွန်မွေးမြူသူဦးရေမှာ ငါးကန်ပိုင်ရှင် ၂၄၁၅ ဦး၊ပန်းတနော်မြို့နယ်တွင် ငါးကန်ပိုင်ရှင် ၄၉၁ ဦး၊ညောင်တုန်းမြို့နယ်တွင် ငါးကန်ပိုင်ရှင် ၁၅၃၄ ဦးနှင့် ဓနုဖြူမြို့နယ်တွင် ငါးကန်ပိုင်ရှင်၂၈၉ ဦးတို့သည် ငါးမွေးမြူရေးလုပ် ငန်းကိုနှစ်စဉ်တိုးတက်မွေးမြူလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရသိရသည်။

ရေချိုငါးများကို ငါးကန်များဖြင့် မွေးမြူခြင်းအပြင် သဘာဝအတိုင်း မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းများလည်းရှိပါသည်။

ငါးသားဖောက်ရောင်းချသူများလည်းရှိပြီး ရေချိုငါးမွေးမြူရေးကန်များမှ ငါးသားဖောက်များကို ၄ လက်မခန့် အရွယ်ရှိပြီး ငါးသားဖောက်များကို စတင်မွေးမြူသည့်အချိန်မှ ၁၃ လ ကြာချိန်တွင် ၈၀ ကျပ်သားခန့်ရှိ ငါးမြစ်ချင်းငါးများရရှိပြီး တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်၊ ငါးကြင်း ၁ ပိဿာ ၁၃,၀၀၀ကျပ်၊ ငါးခူ ၁ ပိဿာ ၁၅,၀၀၀ကျပ်ဈေးဖြင့် ရန်ကုန်စံပြဈေး၊ ရွှေပိတောက်ငါးဈေးနှင့် ရန်ကုန်မြို့ရှိ ငါးဒိုင်ကြီးများသို့ ပြည်တွင်းစားသုံးရန်တင်ပို့ရောင်းချလျက်ရှိပါသည်။

ငါးကန်များမှငါးကန်ဖော်ချိန်တွင်ရန်ကုန်ဈေးကွက်သို့ကုန်ချိန်ပျမ်းမျှပိဿာခုနှစ်သောင်းခွဲခန့်ပေးပို့လျက်ရှိကြောင်း သိရသည်။

မအူပင်ခရိုင်အနေဖြင့် ရေထွက်ပစ္စည်းများပေါများသဖြင့်ပြည်ပဝင်ငွေများစွာရရှိသည့်လုပ်ငန်းများလုပ်ကိုင်နိုင်ပြီး စီးပွားဖြစ်ထွန်းသောမြို့တစ်ခုဖြစ်သည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## ဈေးကောင်းရရှိနေသော ရုံးပတီသီး



ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်သည် စိုက်ပျိုးရေးကိုအဓိကထား၍အသက်မွေးဝမ်းကြောင်းလုပ်ကိုင်ကာစီးပွားရေးဖွံ့ဖြိုးလျက်ရှိသော မြို့နယ်ဖြစ်သည်။

ဆန်စပါး၊ မတ်ပဲတို့အဓိကထား၍ စိုက်ပျိုးသည့်အပြင် ရာသီပေါ်သီးနှံများဖြစ်သော ငရုတ်၊ ဂေါ်ဖီ၊ သခွား၊ ရုံးပတီ၊ ချဉ်ပေါင်တို့ကိုလည်း ဒေသတွင်းစားသုံးရန်သာမက အခြားမြို့နယ်များသို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးလျက်ရှိသည်။

အုတ်ဖိုမြို့အတွင်းရှိ လင်းလွန်းပင်ရွာ၊ ဥတိုရွာ၊ ကြက်ဆူတောရွာ၊ နန္ဒင်းကုန်း၊ငါးရှဥ့်ရိုး၊ သရက်ကုန်း၊ ကွေ့ချောင်း၊ချောင်းနားရွာများသည် ရုံးပတီသီးအများဆုံး စိုက်ပျိုး၍ ဈေးကောင်းရရှိလျက်ရှိသည်။

ရုံးပတီပင်သည် ရာသီဥတုဒဏ်အကြမ်းခံနိုင်သဖြင့်ရွေးချယ်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးချိန်မှသီးနှံဆွတ်ခူးချိန်ထိ ၄၅ ရက်ခန့်သာရှိသဖြင့် အချိန်တိုတိုနှင့် ဝင်ငွေရရှိနိုင်ကြောင်း ရုံးပတီသီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

သွင်းအားစုအနေဖြင့် စိုက်ခင်းမြေထွန်ယက်ခ ၁၆၀,၀၀၀၊ ဘောင်တင်ခ ၁၆၀,၀၀၀ကျပ်၊ စိုက်ပျိုးပင်စိုက်ရန် ကျင်းတူးခ ၁၅၀,၀၀၀၊ မြက်ကောက်ခ ၁၅၀,၀၀၀ကျပ်၊ အပင်အားဆေး၂၄၀,၀၀၀ကျပ်၊ အသီးအားဆေး ၂၄၀,၀၀၀ကျပ်၊ မျိုးစေ့စထုပ် ၃၆၀,၀၀၀ကျပ်၊ ခူးဆွတ်ခ ၃၅ ကြိမ်အတွက် လုပ်သားခ ၃၅၀,၀၀၀ ကျပ်၊ သယ်ယူခ ၃၅ ကြိမ်အတွက် လုပ်သားခ ၁၄၀,၀၀၀ ကျပ်၊ ရေသွင်းခြင်းအတွက် ၁၂ ကြိမ် ၁,၁၀၀,၀၀၀ ကျပ်ကုန်ကျပါသည်။

မျိုးစေ့၊ဆေး၊ရေသွင်းခ၊ပေါင်းရှင်းခနှင့်အပင်စိုက်ပျိုးချိန်မှခူးဆွတ်ချိန်ထိကုန်ကျစရိတ် ၃,၀၅၀,၀၀၀ကျပ်ကုန်ကျနိုင်ပါသည်။

အောက်တိုဘာလအတွင်းရုံးပတီသီးတစ်တောင့်လျှင် ၂၅ ကျပ်မှ ၂၈ ကျပ်ကြားရရှိပါသည်။

ရုံးပတီသီးကို တစ်ရက်ခြားခူးဆွတ်ရပြီးတစ်ခါခူးဆွတ်လျှင် အတောင့် ၅၀၀၀ ခန့်ဖြင့် ၃၅ ရက်ခန့်ခူးဆွတ်ရပြီး အတောင့်ရေ ၁၇၅,၀၀၀ တောင့်ရပါသဖြင့် တစ်ဧက ဝင်ငွေ ၄,၅၅၀,၀၀၀ ကျပ်ရရှိပါသည်။

အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ၁,၅၀၀,၀၀၀ ကျပ် အမြတ်ဝင်ငွေရရှိနိုင်ပါကြောင်း စိုက်ပျိုးသူတောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA ပဲခူး**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၈၂,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကငါးသလောက် ပိဿာချိန် ၆၄,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိငါးသလောက် ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ထဲပုံမှန်အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ပြီးခဲ့တဲ့တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၈၂,၀၀၀ ထိတင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီးဈေးအပြောင်းအလဲရှိပါတယ်။လက်ရှိငါးသလောက်တွေအဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကိုဒေသဈေးကွက်အပြင်အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေးတစ်ပိဿာလျှင်ငွေကျပ် ၁၈,၅၀၀၊အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇,၀၀၀ မှ ၃၅,၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀ မှ ၇၅,၀၀၀ထိအရွယ်အစားအပေါ်မူတည်ကာ ဈေးကွက်အပြောင်းအလဲရှိကြောင်း သိရသည်။

အဆိုပါ ဖျာပုံမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်လာပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနေရသည့်အတွက်ရေလုပ်သားများ၊တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## အမေရိကန်နိုင်ငံ၏ အကောက်ခွန်ကောက်ခံမှုကို တုံ့ပြန်နိုင်သည့်အင်အား တရုတ်နိုင်ငံတွင် အကန့်အသတ်ဖြင့်သာရှိ

အမေရိကန်နိုင်ငံ၏ အကောက်ခွန်ကောက်ခံမှုကိုတုံ့ပြန်နိုင်သည့်အင်အားတရုတ်နိုင်ငံတွင်အကန့်အသတ်ဖြင့်သာရှိကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ၆-၁-၂၀၂၅ ရက်တွင် ဖော်ပြခဲ့ပါသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲနောက်ပိုင်း တရုတ်နိုင်ငံသည်အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားပါက တရုတ်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော အမေရိကန်ကုမ္ပဏီများကို ပြစ်ဒဏ်ပေးသည့်အနေဖြင့် နေ့စဉ်သုံးထုတ်ကုန်များအတွက် လိုအပ်သောသတ္တုများတင်ပို့မှုပိတ်ဆို့ခြင်းဖြင့် ပြန်လည်တုံ့ပြန်မည့်နည်းလမ်းကိုဖော်ဆောင်လျက်ရှိသည်။

သို့ရာတွင်ယင်းနည်းလမ်းကိုအသုံးပြုခြင်းသည်တရုတ်နိုင်ငံအပေါ်တန်ပြန်အန္တရာယ်ဖြစ်စေနိုင်ပြီးအရေးပါသည့် တွင်းထွက်သတ္တုများ Critical mineralsနှင့်အခြားအရေးပါသည့်ပစ္စည်းများကို ပို့ကုန်ကန့်သတ်ခြင်းသည် အမေရိကန်နှင့် ၎င်းတို့၏မိတ်ဖက်နိုင်ငံများက တရုတ်နှင့်ကုန်သွယ်ရေး ဖြတ်တောက်ရန် နှစ်ဆတိုး၍ ပြုလုပ်လာနိုင်သည်။

၂၀၁၈ ခုနှစ်တွင် ဒေါ်နယ်ထရမ့်က တရုတ်သွင်းကုန်များအပေါ် အကောက်ခွန်ကောက်ခံခဲ့ရာ တရုတ်ကလည်း အမေရိကန်နိုင်ငံမှတင်ပို့သည့်စားသောက်ကုန်၊ဓာတုပစ္စည်းနှင့်အထည်အလိပ်များအပေါ်အကောက်ခွန်တိုးမြှင့်ကောက်ခံကာ တုံ့ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် အရေးကြီးတွင်းထွက်သတ္တုထုတ်လုပ်မှုနှင့် သန့်စင်မှုလုပ်ငန်းများကို လွှမ်းမိုးချုပ်ကိုင်ထားသော်လည်း အဆိုပါ တွင်းထွက်သတ္တုဖြန့်ဖြူးရောင်းချသည့်နိုင်ငံမှာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်ဘဲ ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် Gallium ကုန်ကြမ်းကို ကနေဒါနိုင်ငံမှ အများဆုံးဝယ်ယူခဲ့ပြီး Processed Germanium အဓိကဖြန့်ဖြူးရောင်းချသည့်နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်ကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုကထုတ်ပြန်ခဲ့ပါသည်။

ယင်းသတ္တုနှစ်မျိုးလုံးသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း Semiconductor ၊ ဒိုးကျည်စနစ်နှင့်ဆိုလာပြားများထုတ်လုပ်ရာတွင် အဓိကအရေးပါသည့် သတ္တုများဖြစ်ပါသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အရေးကြီးတွင်းထွက်သတ္တုဈေးကွက်ကိုလွှမ်းမိုးနိုင်သည့်အကြောင်းအရင်းမှာ ယင်းသတ္တုများကိုလျှော့ဈေးဖြင့် ရောင်းချ၍ပြိုင်ဖက်နိုင်ငံများအပေါ် စီးပွားရေးတွက်ခြေမကိုက်အောင် ပြုလုပ်ခြင်းကြောင့်ဖြစ်ရာ တရုတ်နိုင်ငံက ယင်းသတ္တုများကို ပို့ကုန်ကန့်သတ်လိုက်ခြင်းဖြင့် ဈေးနှုန်းမြင့်တက်စေပါသည်။

သို့ရာတွင် တရုတ်နိုင်ငံကပို့ကုန်ကန့်သတ်လိုက်ပါက အမေရိကန်အနေဖြင့် တတိယနိုင်ငံများမှ ၎င်းလိုအပ်သည့်တွင်းထွက်သတ္တုများကို တင်သွင်းမည်ဖြစ်ပြီး တရုတ်နိုင်ငံရှိအမေရိကန်ကုမ္ပဏီများကိုပြစ်ဒဏ်ပေးခြင်းသည်ယခင်ကပြုလုပ်ခဲ့သကဲ့သို့ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်မည်မဟုတ်တော့ပါ။ထို့ပြင်တရုတ်နိုင်ငံ၌ အနောက်နိုင်ငံထုတ်ကုန်အမှတ်တံဆိပ်များအစားပြည်တွင်းထုတ်အမှတ်တံဆိပ်များကိုသာအားပေးလာကြရာ အမေရိကန်ကုမ္ပဏီများသည်တရုတ်နိုင်ငံ၌စီးပွားရေးလုပ်ကိုင်ရန် ခက်ခဲလာပြီး တရုတ်ဈေးကွက်သည် အမေရိကန်ကုမ္ပဏီများအတွက် အရေးပါမှုလျော့ကျလာခဲ့ပါသည်။

တရုတ်နိုင်ငံသည် တန်ဖိုးနည်းပြီးနည်းပညာအဆင့်နိမ့်သောထုတ်ကုန်ပစ္စည်းများကို အသုံးပြုလျက်အဆိုပါအခြေအနေကိုပြန်ပြောင်းလဲနိုင်သည်ဟု လေ့လာသူအချို့ကသုံးသပ်ကြပြီး တရုတ်နိုင်ငံထုတ်နေ့စဉ်သုံးစက်မှုထုတ်ကုန်များ လျော့နည်းလာခြင်းကြောင့် အမေရိကန်စားသုံးသူများကိုဒေါ်သထွက်စေနိုင်ရာယင်းအချက်သည်ဒေါ်နယ်ထရမ့်အတွက်နိုင်ငံရေးအကျိုးအမြတ်ရရှိရန် လျော့ကျစေနိုင်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ငွေတိုက်စာချုပ်ဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၇၈၀ ဘီလီယံအထိ လက်ဝယ်ပိုင်ဆိုင်မှုရှိသည်။

အကယ်၍ ကုန်သွယ်ရေးပဋိပက္ခများဖြစ်လာပါက တရုတ်နိုင်ငံအနေဖြင့် ငွေတိုက်စာချုပ်များကိုအသုံးပြုလျက် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများဖြစ်လာရန်လုပ်ဆောင်နိုင်ပြီး ဘဏ္ဍာရေးဆိုင်ရာအကျပ်အတည်းဖြစ်လာလျှင် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားဗဟိုဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများကငင်းတို့ပိုင်ဆိုင်သည့်ငွေတိုက်စာချုပ်များကိုထုတ်ရောင်းခဲ့ခြင်းကြောင့်ဖြစ် ပေါ်ခဲ့သည့်အကျပ်အတည်းကို အမေရိကန်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၁ ထရီလီယံတန်ဖိုးရှိ ငွေတိုက်စာချုပ်များကို ဝယ်ယူကာဖြေရှင်းခဲ့ခြင်းသည့် ဖြစ်ရပ်များလည်းရှိခဲ့ရာအမေရိကန်နိုင်ငံ၏အကောက်ခွန်ကောက်ခံမှုကို တုံ့ပြန်ရန်မည်သို့ ဆောင်ရွက်မည်ကို တရုတ်နိုင်ငံအနေဖြင့် သေချာစွာသတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။

**Source :** International News

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုသည် ၆ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပြီး ဘတ် ၁ ဒသမ ၆၆ ထရီလီယံသို့ ရောက်ရှိခဲ့

ထိုင်းလူသုံးကုန်ပစ္စည်းများကို ဝယ်လိုအားမြင့်တက်ခဲ့ပြီး စီးပွားရေးအခြေအနေပိုမိုကောင်းမွန်လာမှုတို့ကြောင့် ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးသည် ၆ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ဘတ် ၁ ဒသမ ၆၆ ထရီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားချက်အရ သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း နယ်စပ်နှင့် တစ်ဆင့်ခံကုန်သွယ်မှုသည် ဘတ် ၁၅၀ ဘီလီယံ ရှိခဲ့သဖြင့် ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ ပို့ကုန်သည် ဘတ် ၈၅ ဒသမ ၇ ဘီလီယံဖြစ်ပြီး သွင်းကုန်သည် ဘတ် ၆၄ ဒသမ ၅ ဘီလီယံဖြစ်သဖြင့် ကုန်သွယ် မှုပိုငွေ ဘတ် ၂၁ ဒသမ ၂ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း နယ်စပ်နှင့် တစ်ဆင့်ခံ ပို့ကုန်သည် ဘတ် ၉၅၈ ဘီလီယံနှင့် သွင်းကုန်သည် ဘတ် ၇၀၇ ဘီလီယံဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေ ဘတ် ၂၅၁ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုဝင် ဘာလအတွင်း ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများ အကြား နယ်စပ်ကုန်သွယ်မှုသည် ပို့ကုန်တန်ဖိုး ဘတ် ၅၁ ဒသမ ၇ ဘီလီယံနှင့် သွင်းကုန် ဘတ် ၃၀ ဒသမ ၇ ဘီလီယံဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ ဘတ် ၈၂ ဒသမ ၄ ဘီလီယံဖြစ်ခဲ့ပြီး ကုန်သွယ်မှု ပိုငွေ ဘတ် ၂၁ ဘီလီယံဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Arada Fuengthong က ပြောကြားခဲ့သည်။

မလေးရှားနှင့်ကုန်သွယ်မှုသည် ဘတ် ၂၅ ဒသမ ၄ ဘီလီယံဖြင့်အမြင့်ဆုံးဖြစ်ခဲ့ပြီး ယင်းနောက် လာအို၊ မြန်မာနှင့်ကမ္ဘောဒီးယားတို့ဖြစ်ကြောင်း၊ အဓိက ပို့ကုန်များမှာ ဒီဇယ်၊ သန့်စင်ပြီးရေနံထုတ်ကုန်များနှင့် Concentrated Latex တို့ဖြစ်ကြောင်း၊ နိုဝင်ဘာလအတွင်း တတိယနိုင်ငံများနှင့် တစ်ဆင့်ခံကုန်သွယ်မှုသည် ဘတ် ၆၇ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး ပို့ကုန်တန်ဖိုးသည် ဘတ် ၃၄ ဘီလီယံနှင့် သွင်းကုန်သည် ဘတ် ၃၃ ဒသမ ၈ ဘီလီယံဖြစ်ကြောင်း၊အဓိကနိုင်ငံများမှာ တရုတ်၊ စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး အဓိကပို့ကုန်များမှာ Hard disk drivers၊ ရော်ဘာထုတ်ကုန်များနှင့် TNSR ရော်ဘာတုံးများဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း တစ်ဆင့်ခံကုန်သွယ်မှုတန်ဖိုး ဘတ် ၇၆၆ ဘီလီယံရှိခဲ့ပြီး ပို့ကုန် ဘတ် ၄၀၆ ဘီလီယံနှင့် သွင်းကုန်ဘတ် ၃၆၀ ဘီလီယံဖြစ်ကြောင်း သိရသည်။

တက်ခ်ပြည်နယ်၊ မဲဆောက်နယ်စပ်အနီးရှိ ကုန်သွယ်ရေးလမ်းကြောင်းတွင် လက်ရှိပဋိပက္ခများကြောင့် အနှောင့်အယှက်ဖြစ်နေသော်လည်း နိုဝင်ဘာလအတွင်း မြန်မာနှင့်နယ်စပ်ကုန်သွယ်မှုသည် ဘတ် ၁၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သဖြင့် နယ်စပ်ကုန်သွယ်ရေးပြန်လည်ကောင်းမွန်ခဲ့ပါကြောင်း၊ ရနောင်းပြည်နယ်၊ ချင်းရိုင်ပြည်နယ်ရှိ မယ်ဆိုင်နှင့် ကန်ချနာဘူရီပြည်နယ်ရှိ ဆန်ခလာဘူရိကဲ့သို့သော အခြားသော စစ်ဆေးရေးဂိတ်များက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊အဓိကကုန်စည်များမှာဒီဇယ်၊သန့်စင်ပြီးရေနံထုတ်ကုန်များ၊အဖျော်ယမကာများနှင့် ကြမ်းခင်းကြွေပြားများဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၇ ခုနှစ်တွင်နယ်စပ်နှင့်တစ်ဆင့်ခံကုန်သွယ်မှုကို ဘတ် ၂ ထရီလီယံထိရောက်ရှိနိုင်ရေးရည်မှန်းထားပါကြောင်း၊ဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်စိန်ခေါ်မှုများကို ဖြေရှင်းပေးလျက်ရှိကြောင်း၊ အဓိကအနှောင့်အယှက်များမရှိပါက နယ်စပ်ကုန်သွယ်မှုနှင့်တစ်ဆင့်ခံကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်တွင် ဘတ် ၁ ဒသမ ၈၄ ထရီလီယံသို့ ရောက်ရှိနိုင်ကြောင်း၊ ဦးစီးဌာနအနေဖြင့် ယခုနှစ်အတွင်း နယ်စပ်ပြည်နယ်များတွင်ကုန်သွယ်မှုမြှင့်

တင်ရေး ၆ ခုကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမဆုံးပွဲကို ဇန်နဝါရီ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ နခွန်ရတ်ချစီမာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း Mrs. Arada က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com ၊**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## မွန်ဂိုလီးယားနိုင်ငံသည် ဥဇဘက်ကစ်စတန်သို့ သိုးအရှင်များအား စတင်တင်ပို့



မွန်ဂိုလီးယားနိုင်ငံသည် ဥဇဘက်ကစ်စတန်နိုင်ငံသို့ သိုးအရှင်များတင်ပို့မှုကို တရားဝင်စတင်လိုက်ပြီဖြစ်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုတွင် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်လာကြောင်း အစားအစာစိုက်ပျိုးရေးနှင့်လျှပ်စစ်ဝန်ကြီးဌာနကိုကိုးကား၍ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ဒေသဆိုင်ရာမီဒီယာများကဖော်ပြခဲ့သည်။

မွန်ဂိုလီးယားသမ္မတ Ukhnaa Khurelsukh ၏ ဇွန်လအတွင်း ဥဇဘက်ကစ်စတန်နိုင်ငံသို့သွား ရောက်လည်ပတ်စဉ်အတွင်း ပြုလုပ်ခဲ့သော သဘောတူညီချက်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ခရီးစဉ်အတွင်းနှစ်နိုင်ငံခေါင်းဆောင်များသည် မွန်ဂိုလီးယားနိုင်ငံမှ ဥဇဘက်ကစ်စတန်နှင့်ဥဇဘက်ကစ်စတန်မှတစ်ဆင့် အခြားဗဟိုအာရှဈေးကွက်များသို့ သိုးမွေး၊ cashmere၊ သားရေ၊ အသားနှင့် အသားထွက်ကုန်များ ထောက်ပံ့ရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ကတိပြုခဲ့သည်။

ဤသဘောတူညီချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့်မွန်ဂိုလီးယားသည် ဥဇဘက်ကစ္စတန်သို့ မွေးမြူရေးတိရစ္ဆာန်အကောင်ရေတစ်သိန်းကိုတင်ပို့ရန် ကတိပြုထားကြောင်းဝန်ကြီးဌာနထံမှ သိရသည်။

သဘောတူညီချက်အား တရားဝင်အကောင်အထည်ဖော်ပြီးပထမအကြိမ်တင်ပို့ရောင်းချမှုစတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ မွန်ဂိုလီးယားနိုင်ငံမှ သိုးအရှင်အကောင်ရေ ၁၄၄၀ အားဥဇဘက်ကစ်စတန်သို့ လေယာဉ်နှစ်စင်းဖြင့် ပို့ဆောင်ခဲ့ကြောင်း ဝန်ကြီးဌာနကပြောကြားခဲ့သည်။

မွေးမြူရေးလုပ်ငန်းကိုမြှင့်တင်ခြင်းသည် မွန်ဂိုလီယားသတ္တုတူးဖော်မှုအပေါ် မှီခိုနေသောနိုင်ငံ၏စီးပွားရေးကိုကွဲပြားစေမည့် အဓိကဗျူဟာတစ်ခုအဖြစ်လည်း ယူဆထားကြသည်။

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်အကုန်တွင် တိရစ္ဆာန်အကောင်ရေ ၆၄ ဒသမ ၇ သန်းရှိခဲ့ပြီး ၎င်းမှ ၄၅ ဒသမ ၅ ရာခိုင်နှုန်းမှာ သိုးများဖြစ်ကြောင်း စာရင်းအင်းရုံးမှထုတ်ပြန်ချက်အရ သိရသည်။

**Source : Xinhua**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## Honda နှင့် Nissan ကားကုမ္ပဏီတို့ပူးပေါင်းပြီး ကမ္ဘာ့တတိယအကြီးဆုံး မော်တော်ကားလုပ်ငန်းစုထူထောင်မည်

ဂျပန်နိုင်ငံ၏နာမည်ကျော် ကားကုမ္ပဏီကြီးများဖြစ်သည့် Honda နှင့် Nissan တို့ပူးပေါင်းပြီး ကမ္ဘာ့တတိယ အကြီးမားဆုံး မော်တော်ယာဉ်လုပ်ငန်းစုထူထောင်မည်ဟု ဒီဇင်ဘာလ ၂၃ ရက်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ကြေညာခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုများကို ၂၀၂၅ ခုနှစ် ဇွန်လတွင် အပြီးသတ်ကာ ၂၀၂၆ ခုနှစ် ဩဂုတ်လတွင်လုပ်ငန်းစုထူထောင်ရန်ရည်ရွယ်ထားကြောင်းသိရသည်။




ကုမ္ပဏီနှစ်ခုပေါင်းအမေရိကန်ဒေါ်လာ ၁၉၁ ဘီလီယံ တန ်ဖိုးရောင်းချကာ အမြတ်ငွေအမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ၏ရရှိရန် မျှော်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားထားသည်ဟု သိရသည်။

ထိုသို့ပူးတွဲလုပ်ငန်းစုထူထောင်ပြီးပါက မော်တော်ယာဉ်ရောင်းချရမှုတွင်Toyota နှင့် Volkswagen တို့နောက် ကမ္ဘာ့တတိယအကြီးဆုံးလုပ်ငန်းစု ဖြစ်လာမည်ဟုသိရသည်။

လတ်တလောတတိယအကြီးမားဆုံး မော်တော်ယာဉ်လုပ်ငန်းစုမှာတောင်ကိုရီးယားနိုင်ငံ၏ Hyundai နှင့်Kia တို့ဖြစ်ကြောင်း သိရသည်။

Toyota ၏နောက် ဂျပန်၏ဒုတိယအကြီးမားဆုံးကားကုမ္ပဏီဖြစ်သည့် Honda သည် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံခန့်ရှိပြီး တတိယအကြီးမားဆုံးဖြစ်သည့် Nissan မှာ ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိကြောင်း သိရသည္။

ထိုပူးပေါင်းဆောင်ရွက်မှုတွင် Nissan ၏မိတ်ဖက်ကုမ္ပဏီဖြစ်သည့် Mitsubishi ကားကုမ္ပဏီလည်းပါဝင်မည်ဟု သိရသည်။

ထို့ကြောင့် Honda၊ Nissanနှင့် Mitsubishi ကုမ္ပဏီသုံးခုပေါင်းကားအစီးရေ ၈ သန်းကျော်ရှိလာမည်ဟု သိရသည်။

ဆွေးနွေးမှုများသည် BYD ပါဝင်သောတရုတ်ကားကုမ္ပဏီများထံမှ ခက်ခဲသောဈေးကွက်ယှဉ်ပြိုင်မှုများနှင့် ကြုံတွေ့ပြီးနောက် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ဖက် ကုမ္ပဏီများမှဘုတ်အဖွဲ့ဝင်များ၏ အစည်းအဝေးများအပြီးသဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းစုတည်ထောင်ပြီးပါက ဘုတ်အဖွဲ့ဝင်အများစုကို Honda ကခန့်အပ်မည်ဟု သိရသည်။

**Source : REUTERS**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

TIR

## STOCK EXCHANGE (9.1.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,791 (Shares) | 10,374,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 185 | 1,535,500 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 728 | 2,294,700 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,560 | 2,964,000 | 29,664,613 | 56,363 |
| TMH | 00005 | 3,100 | +100 | +3.33% | 3,100 | 3,100 | 3,100 | 1 | 3,100 | 12,823,224 | 39,752 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 682 | 1,140,650 | 19,977,223 | 32,962 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,200 | 4,300 | 4,200 | 405 | 1,701,500 | 10,497,598 | 45,140 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 230 | 735,500 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.26 | +1.18 | +0.30% | 388.52 | 390.26 | 388.52 | 3,791 | 10,374,950 | 8 | 736,105 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 5,185 (Shares) | 14,627,200 (MMK) |

## Main Board

As of 1:00 pm, 9th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,791 (Shares) | 10,374,950 (MMK) |

| MYANPIX | 390.26 ▲ 1.18 |
|---|---|
| Total Volume (shares) | 3,791 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,105 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,100 | ▲ 100 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |